# CVT Newsletter

CVT myanmar

Center for Vocational Training

အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း

စာစဉ် ၅၁၊ မေလ၊ ၂၀၂၀



အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ စာ - ၁



ကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ စာ - ၂



အလုပ်သင်/ ကုမ္ပဏီများ၏ စကားသံ စာ - ၃



CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်များ စာ - ၃

"ပညာရေးသည် နယ်ပယ်အစုံ ကဏ္ဍအစုံဗဟုသုတ အသိပညာတိုးပွားရရှိ အသုံးချနိုင်သောကြောင့် ရှုထောင့် များစွာရှိသော စိန်တစ်လုံးနှင့်အလားသဏ္ဍာန်တူပြီး ထိုပညာရေးတွင် အခြေခံကျသော သက်မွေးပညာ၊ သိပ္ပံဘာသာရပ် ၊ အဆင့်မြင့် သချာင်္ နှင့် လူသားချင်းစာနာထောက်ထားမှုနှင့်သက်ဆိုင်သော လူသားဆန်သော လေ့လာမှုများ၊ ပညာရပ်များပါဝင်ပါသည်။"

-RONALD REAGAN-

၂၀၂၀ - ၂၀၂၁ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်နှင့် သက်မွေးပညာ ပေါင်းစပ်သင်ကြားခြင်း သင်တန်းများအပြင် ယခုနှစ်မှ စတင်ကာ ကာလတို သင်တန်းများ ဖွင့်လှစ်ရန် စီစဉ်ထားရှိပြီး နှစ်စဉ် မေလပထမပတ်တွင် ကျောင်းများ ပုံမှန် ဖွင့်လှစ်သင်ကြားရန် စီစဉ်ခဲ့ပါသည်။ သို့သော် ယခုနှစ်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ (COVID 19) ကပ်ရောဂါဆိုးကြီး ကျရောက်လာသောကြောင့် နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်ဖြင့် ကျောင်းမှ သင်တန်းများကို ဖွင့်လှစ်ဖို့ ယာယီရပ်ဆိုင်းထားရသဖြင့် ယခုပညာသင်နှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ပြန်လည်ညွှန်ကြားသည်နှင့်တစ်ပြိုင်နက် သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ CVT ၏ စဉ်ဆက်မပြတ် ဆောင်ရွက်နေသော လုပ်ဆောင်ချက်များကို စာဖတ်သူများနှင့် အဆက်အသွယ် မပြတ်စေရန် ရည်ရွယ်၍ ဤစာစောင်အား ထုတ်ဝေလိုက်ပါသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ COVID 19 ကပ်ရောဂါမှ ကင်းဝေးပါစေကြောင်း CVT Myanmar မိသားစုမှ ဆုတောင်း မေတ္တာ ပို့သလိုက်ရပါသည်။

## အရည်အသွေးဆိုင်ရာ စွမ်းဆောင်ချက်များ

### CVT Myanmar မှ ဆရာ၊ဆရာမများ အွန်လိုင်းသင်ကြားမှုအတွက် သင်တန်းပေးခြင်း



CVT Myanmar မှ ဆရာ၊ဆရာမများ အွန်လိုင်းသင်ကြားမှုအတွက် ၂၀၂၀ ခုနှစ် မေလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ၃ ရက်ကြာ ကွန်ပျူတာဖြင့် အွန်လိုင်းသင်ကြားမှုများ စတင်ရန် ရည်ရွယ်၍ သင်ကြားပို့ချခဲ့ပါသည်။ ထိုသင်ကြားမှုတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ (COVID 19) ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ၆ ပေအကွာမှ သင်ကြားခဲ့ကြပါသည်။ ထို့နောက် ပထမဦး စွာ English online class ကို CVT Myanmar မှ ဆရာမ ၃ ဦးဖြင့် ဇွန်လတွင် အွန်လိုင်းသင်ကြားခြင်းကို စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

### NSSA အသိအမှတ်ပြု Electrician Level 1 အောင်စာရင်းထုတ်ပြန်ခြင်း

National Skills Standards Authority (NSSA) သည် မြန်မာနိုင်ငံရှိ အလုပ်သမားများ၏ အရည်အသွေး အဆင့်အတန်းကို သတ်မှတ်ကာ သက်ဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်များထုတ်ပေးနိုင်ရန်အတွက် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်။ CVT Myanmar သည် ယခုနှစ် ဇန်နဝါရီလ နောက်ဆုံးအပတ်တွင် ကျင်းပသော Electrician NSSA Level 1 Assessment စာမေးပွဲအတွက် Assessment Center အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) ၏ အောင်မြင်သည့် အမည်စာရင်း ပေးပို့ချက်အရ အသိအမှတ်ပြု Electrician Level 1 အဆင့် အောင်မြင်သည့် သင်တန်းသားများ စုစုပေါင်း (၃၉) ဦးအတွက် အောင်စာရင်းထုတ်ပြန်ခဲ့သည်။





### ဆွစ်ဇာလန်နိုင်ငံ၏ ဘုတ်အဖွဲ့ ပြန်လည် ဖွဲ့စည်းခြင်း

၂၀၂၀ ခုနှစ်၏ ဆွစ်ဇာလန်နိုင်ငံရှိ ဘုတ်အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း၏ အစည်းအဝေးအရ သမ္မတ၊ ဒုသမ္မတ၊ E4Y ကို ကိုယ်စားပြုကျွမ်းကျင်သူ၊ လက်မှု ပညာဆိုင်ရာဌာန ကိုယ်စားပြုကျွမ်းကျင်သူ၊ ဧည့်ဝတ်ပြုဝန်ဆောင်မှုဆိုင်ရာ ကိုယ်စားပြုကျွမ်းကျင်သူ၊ ကြီးကြပ်ထိန်းချုပ်ခြင်းနှင့် ဆက်သွယ်ရေးအတွက် ကျွမ်းကျင်သူ၊ စီမံကိန်းအတွက် ကျွမ်းကျင်သူ စသည် အဖွဲ့ဝင် ၉ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး CVT Myanmamr အတွက် ဖွံ့ဖြိုးတိုးတက်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၂၀ ခု ပညာသင်နှစ်မှ စတင်၍ မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်မှုနှင့် သင်ရိုးညွှန်းတမ်းအပေါ် မူဘောင်ပြင်ဆင်ခြင်းဆိုင်ရာ ပြုလုပ်ခဲ့သည်။

### CVT Myanmar ၏ သင်တန်းများ အမည်ပြောင်းလဲခြင်းနှင့် သင်တန်းသစ်များ

CVT Myanmar ၏ ၂၀၂၀ ပညာသင်နှစ်မှစတင်ပြီး ကာလတို သင်တန်းများကို ဖွင့်လှစ်ပြီး သင်တန်းများကိုလည်း အမည်ပြောင်းလဲ သတ်မှတ်ခဲ့သည်။ ထိုသင်တန်းများမှာ စီးပွားရေးစီမံခန့်ခွဲမှု သင်တန်း၊ ပရိဘောဂနည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်း၊ ဧည့်ဝတ်ပြုခြင်း ဝန်ဆောင်မှု ပရော်ဖက်ရှင်နယ် သင်တန်းနှင့် သတ္တုနည်း ပညာသင်တန်းတို့ ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ခုနှစ်တွင် Facility Operator သင်တန်းအသစ်ကိုလည်း ဖွင့်လှစ်ရန် စီစဉ်ထားရှိပြီး ပါဝင်သည့် ဘာသာရပ်များမှာ အဆောက်အအုံ ထိန်းသိမ်းခြင်း၊ လျှပ်စစ်၊ သတ္တု၊ ပရိဘောဂဆိုင်ရာ၊ ရေ၊ မိလ္လာနှင့်ဆက်စပ်သော ပြုပြင်ထိန်းသိမ်းမှုများ အတွက် အဆိုပြုလွှာနှင့် အစီရင်ခံစာ ရေးသားခြင်းများ ပါဝင်ပါသည်။

## BA Swiss Expert နှင့် Business Administrator Course ပြင်ဆင်ရေးဆွဲခြင်း



Switzerland နိုင်ငံရှိ Vocational School အငြိမ်းစား CEO ဖြစ်သူ MS. Marianne Schiender မှ CVT Myanmar ၏ Business Administrator Profession အတွက် သင်ရိုးညွှန်းတမ်းများ ပြင်ဆင်ရေးဆွဲပေးခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် Switzerland နိုင်ငံမှ သင်ရိုးကို အခြေခံ၍ မြန်မာနိုင်ငံရှိ လက်တွေ့လုပ်ငန်းခွင်များနှင့်ပါ သင့်တော်လျော်ညီအောင် လုပ်ငန်းရှင်များ၊ လုပ်ငန်းရှင်များ၊ လူငယ်လူရွယ်များနှင့် ကျောင်းသား/သူများရဲ့ သဘောထားများကိုပါ မေးမြန်းဆွေးနွေးပြီး ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါသည်။ Business Administrator Profession တွင် Business & Economy, Business English, Myanmar Language (Soft Skill) နှင့် Information Communication Administration (ICA) ဘာသာရပ်တို့ ထည့်သွင်းသင်ကြားပေးမည် ဖြစ်ပါသည်။ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များမှာ တိုးတက်ပြောင်းလဲလာသော စီးပွားရေးအခြေအနေများအတွင်း လူငယ်လူရွယ်များ၏ လုပ်ငန်းခွင် အဆင်ပြေစေရန်၊ ကုမ္ပဏီများဘက်မှလည်း ကျွမ်းကျင်သော ဝန်ထမ်းများရရှိစေရန်၊ လူငယ်လူရွယ်များ အလုပ်အကိုင် အဆင်ပြေစေပြီး ဝါသနာပါရာ ပညာရပ်များကို ထပ်မံ ဆည်းပူးလေ့လာနိုင်စေရန် အရည်အသွေးမြင့်မားပြီး လုပ်ငန်းခွင်တွင် အသုံးတည့်သော နှစ်လမ်းသွား ပညာရေးစနစ်ကို အကောင်အထည်ဖော်နိုင်စေရန်နှင့် အနာဂတ်တွင် လူငယ်လူရွယ်များ ကိုယ်ပိုင်ဝင်ငွေဖြင့် ရပ်တည်နိုင်စေရန် သင်ကြားပေးသွားမည် ဖြစ်ပါသည်။ ထို့အပြင် စီးပွားရေးဆိုင်ရာသင်တန်း ၂ နှစ်တက်ရုံဖြင့် Switzerland နိုင်ငံ အသိအမှတ်ပြု စီးပွားရေးစီမံခန့်ခွဲမှု ဒီပလိုမာရရှိနိုင်မည့်အပြင် International Computer Driving License (ICDL) နိုင်ငံတကာ ကွန်ပျူတာ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ပါ ထပ်မံ ရရှိသွားမည့် အခွင့်အရေးဖြစ်ပါသည်။

## အသက်မွေးဝမ်းကြောင်းကျွမ်းကျင်မှုဆိုင်ရာနှင့် လူမှုရေးလှုပ်ရှားမှုများ

### CVT Myanmar ၏ သင်တန်းသား/သူများ၏ အောင်စာရင်းများထုတ်ပြန်ခြင်း

CVT Myanmar ၏ အလုပ်သင် သင်တန်းသား၊ သူများသည် သင်တန်း၏ သုံးနှစ်တာ ကာလ နောက်ဆုံး စာမေးပွဲများ အောင်စာရင်းကို ထုတ်ပြန်ခဲ့ရာ စီးပွားရေးပညာ အထောက်အကူပြုသင်တန်းမှ သင်တန်းသား/သူ (၂၆) ဦး၊ လျှပ်စစ်ကျွမ်းကျင်မှု အထောက်အကူပြုသင်တန်းမှ သင်တန်းသား/သူ (၂၉) ဦး၊ ပရိဘောဂပြုလုပ်မှု အတတ်ပညာ သင်တန်းမှ သင်တန်းသား/ သူ (၁၂) ဦး၊ ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ အတတ် ပညာသင်တန်းမှ သင်တန်းသား/သူ (၃၀) ဦးနှင့် သတ္တုပစ္စည်း ထုတ်လုပ်မှု အတတ်ပညာ သင်တန်းမှ သင်တန်းသား/သူ (၁၀) ဦးဖြင့် စုစုပေါင်း (၁၀၇) ဦးတို့ အောင်မြင်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

### ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်းဌာန၏ လုပ်ဆောင်ချက်များ

၂၀၂၀ ခုနှစ် မတ်လတွင် ဟိုတယ်နှင့် ဧည့်ဝတ်ပြုမှုဆိုင်ရာ သင်တန်း HG 12 C နှင့် D မှ ဒုတိယနှစ် သင်တန်းသား/သူများ၏ နောက်ဆုံး လက်တွေ့စာမေးပွဲများကို တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် သက်ဆိုင်ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ သင်တန်းများ ပိတ်ရန် ညွှန်ကြားချက်မတိုင်ခင်လေးတွင် မင်းဓမ္မဥယျာဉ်အိမ်ရာ သင်တန်းခန်းမတွင် အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါသည်။ ထို့နောက် ဧပရယ်လတွင် ဟိုတယ်သင်တန်းမှ ဆရာ/မများအားလုံးသည် သင်ခန်းစာများအားလုံးကို ပြန်လည်သုံးသပ်ခြင်း၊ သင်ရိုးညွှန်းတမ်းများကိုအသစ်ပြောင်းလဲခြင်းနှင့်လာမည့်စာသင်နှစ်အတွက် သင်ခန်းစာများ စီစဉ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။

### အထွေထွေ ပညာရေး ဌာန၏ လုပ်ဆောင်ချက်များ

အထွေထွေ ပညာရေး ဌာနမှ ဆရာ၊ ဆရာမများသည် သင်ရိုးညွှန်းတမ်းများ ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်များရေးဆွဲခြင်း၊ လာမည့်စာသင်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုများကို ဧပြီလနှင့် မေလများတွင် လုပ်ငန်းခွင်နှင့် အိမ်များတွင် တစ်လှည့်စီ တာဝန်များချထားပြီး လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ခဲ့ကြပါသည်။ ထို့အပြင် ယင်းဌာနမှ ဆရာ၊ ဆရာမများသည် ၈-၅-၂၀၂၀ မှ ၁၀-၅-၂၀၂၀ ထိ (၃) ရက်တာ Teachers Training Online Course ကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖ ပေအကွာမှ တက်ရောက်ခဲ့ကြပြီး ဇွန်လ တစ်လလုံး English, ICT, Soft Skills Online Course များကို သင်ကြားပေးမည်ဖြစ်ပါသည်။



### သက်မွေးအကြိုသင်တန်း (E4Y) ၏ လုပ်ဆောင်ချက်များ



E4Y သက်မွေးအကြိုသင်တန်း၏ ကျောင်းသားများအတွက် နွေရာသီအားလပ်ရက်သည် မတ်လတွင် စတင်ခဲ့ပါသည်။ သို့သော် များသောအားဖြင့် ဆရာ/မများနှင့် ကျောင်းအဖွဲ့ဝင်များသည် စာသင်နှစ်ကို အဆုံးသတ်ပြီး နောက်စာသင်နှစ်အတွက် ပြင်ဆင်ရန် အချိန်ကောင်းဖြစ်သည့် ကာလလည်း ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ COVID 19 ဟုခေါ်သောကပ်ရောဂါဆိုးကြီးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အတည်ပြုချက်များအရ မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်ခဲ့ပြီး မတ်လနောက်ဆုံးပတ်တွင် နိုင်ငံတော်၏ ထုတ်ပြန်ကြော်ငြာချက်များကြောင့် အားလုံး စိုးရိမ်ကြောင့်ကျမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ထို့ကြောင့် နှစ်စဉ် ကျင်းပလျက်ရှိသော သင်တန်းဆင်းပွဲ အခမ်းအနားများနှင့် ကျောင်းသားသစ်များအတွက် အိမ်များသို့ လေ့လာရေးသွားရောက်ခြင်းများအား ရွှေ့ဆိုင်းခဲ့ရပါသည်။ သို့သော်လည်း ဆရာ/မများသည် ကျောင်းသား/သူများနှင့် အွန်လိုင်းဖြင့်သော် လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော် လည်းကောင်း အဆက်အသွယ်မပြတ်စေဘဲ နောက်ဆုံးသတင်းများကို ဆက်လက်ရယူလျက် ရှိပါသည်။ ကျောင်းသား/သူများသည်လည်း ကျောင်းပြန်တက်ရမည့် အခွင့်အရေးကို မျှော်လင့်လျက် ရှိပါသည်။ သက်မွေးအကြို သင်တန်းကျောင်းသည် ရန်ကုန်မြို့ရှိ မတူညီသော နေရာများမှ ကျောင်းပြင်ပလူငယ်များအား သင်ကြားပေးနေသောကြောင့် ကျောင်းသား/သူများနှင့် ဆရာ/မများသည် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြုရပါသည်။ ကံကောင်းချင်တော့ E4Y နှင့် CVT မိသားစုများသည် ပိုင်းရပ်ပိုးကင်းစင်ပြီး လုံခြုံကြပါသည်။ ဧပရယ်လမှစတင်၍ ကျွန်ုပ်တို့အားလုံးသည် ကျောင်းပြန်ဖွင့်မည့်ကာလအတွက် အဆင်သင့် ဖြစ်စေရန်နှင့် ၂၀၂၀ - ၂၁ ကျောင်း စာသင်နှစ်တွင် အဆင်ပြေ ချောမွေ့စေရန် အိမ်မှ အလုပ်လုပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်ကို ကာကွယ်ရန်နှင့် မိသားစုဘဝ လုံခြုံစိတ်ချရန်အတွက် ပုံမှန်ဘဝသစ်တွင် ကျွန်ုပ်တို့သည် ပူးပေါင်းဆောင်ရွက်မှုဖြင့် အသက်ရှင်သန်ရန် ကြိုးစားနေထိုင်လျက်ရှိပါသည်။

## ဘွဲ့လွန်အဆင့် စွမ်းရည်မြှင့်သင်တန်းဌာန၏ ဆောင်ရွက်ချက်များ

CONVID 19 ကာလအတွင်း သင်တန်းများ ရပ်နားထားသော်လည်း သင်တန်းသား/သူများနှင့် အများပြည်သူ လူငယ်လူရွယ်များ ဗဟုသုတရစေရန် အလို့ငှာ Young Entrepreneurs for Myanmar (YE4M) နှင့် In-Company Trainers Social Media Page များ CONVID 19: Challenges & Opportunities, Professional & Career Challenges, New Normal Life & Business စသည်များကို တင်ပြဆွေးနွေးသွားမည် ဖြစ်ပါသည်။




## အလုပ်သင်/ကုမ္ပဏီများ၏ စကားသံ

### အလုပ်သင် ကုမ္ပဏီ၏ စကားသံ



မင်္ဂလာပါ။ ရိုးရိုးသားသားပြောရရင် CVT Myanmar ကျောင်းနှင့်ပတ်သက်ပြီး ကျွန်မ သေချာ မသိခဲ့ပါဘူး။ ကျွန်မ၏ဝန်ထမ်းသည် သင်တန်းမပြီးမီ ၃ လအလိုတွင် ကျွန်မတို့ ယူကေအဖွဲ့အစည်းသို့ ဝင်ရောက်လာခဲ့ပါသည်။ ထို့ကြောင့် CVT Myanmar တွင် စီးပွားရေး အထောက်အကူပြု သင်တန်း တက်နေသည်ကို ကျွန်မ သိရှိခဲ့ရပါသည်။ သူမသည် သင်တန်းကျောင်းအကြောင်းကို သေချာ ရှင်းပြခဲ့ပါသည်။ CVT Myanmar သည် ငယ်ရွယ်သော မျိုးဆက်လူငယ်များအတွက် စီးပွားရေး စီမံခန့်ခွဲမှု သင်တန်းအကြောင်းကို လေ့လာချင်သူများအတွက် အလွန်တရာမှ ကြီးမားသော အခွင့်အရေးတစ်ရပ်ဖြစ်လေသည်။ တခြားသော ရန်ကုန်တက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ စသည့် သင်တန်းများအတွက် အသက်၊ လုပ်ငန်း အတွေ့အကြုံ ဘွဲ့နှင့် စသည့်တို့ကဲ့သို့သော ကန့်သတ်ချက်များရှိသည်။ သို့သော် CVT အသက်မွေးသင်တန်းကျောင်းသည် လူငယ်များအတွက် ထိုကန့်သတ်ချက်များ မထားရှိဘဲ အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူရန် အခွင့်အရေးပေးသည့်အတွက် များစွာ ဝမ်းမြောက်မိပါသည်။ စီးပွားရေး ဘာသာရပ်များကို သင်ယူလိုစိတ် ပြင်းပြသော လူငယ်မျိုးဆက်သစ်များအတွက် ဝန်ထုပ်ဝန်ပိုးနည်းစေပြီး သူတို့၏ အနာဂတ် ဖွံ့ဖြိုး တိုးတက်မှုအတွက် CVT မှ စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်များသင်ယူခြင်းအတွက် အလွန်ကောင်းမွန်ပါသည်။

ဇာနည်မြင့်အောင်
(ရုံးညှိနှိုင်းရေးမှူး)

### အလုပ်သင် သင်တန်းသား၏ စကားသံ

CVT Myanmar အသက်မွေးသင်တန်းကျောင်းတွင် တစ်ပတ်တစ်ရက်ဖြင့် စီးပွားရေး အထောက်အကူပြု သင်တန်းကို တက်ရောက်နေပါသည်။ စီးပွားရေးဘာသာရပ်များတွင် စီးပွားရေးစီမံခန့်ခွဲမှု၊ စာရင်းကိုင်၊ စီးပွားရေးနှင့်ဆိုင်သော ဗဟုသုတများ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာများ၊ မြန်မာစာနှင့် အင်္ဂလိပ်စာတို့ ပါဝင်ပါသည်။ ထို့အပြင် နယ်ပယ်အသီးသီးမှ အလုပ်သင်များလည်း သင်တန်းတွင် အတူတူ တက်ရောက်ခြင်းဖြင့် များစွာ ဗဟုသုတ တိုးပွားစေပါသည်။ ထို့အပြင် သင်တန်းမှ စီးပွားရေးဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများနှင့် အခြားသော နေရာဒေသများသို့ လေ့လာရေးခရီးလည်း သွားရောက်ရပြီး စာတမ်းများ ပြန်လည်ရေးသားခြင်းဖြင့် ပညာရပ်များ ပိုမို တိုးပွားစေပါသည်။ ကျောင်းတွင် တစ်ပတ်တစ်ရက်ရရှိသော ဗဟုသုတပညာရပ်များကို မိမိတို့၏ လုပ်ငန်းခွင်တွင် လက်တွေ့ကျကျ ပြန်လည်အသုံးချရသဖြင့် လုပ်ငန်းခွင်ရဲ့ အရည်အချင်းလည်း တိုးတက်စေပါသည်။ CVT Myanmar ကို တက်ရောက်ခြင်းကြောင့် လုပ်ငန်းခွင်အတွက်လည်း များစွာ အထောက်အကူရရှိသဖြင့် CVT သင်တန်းကျောင်းနှင့် ဆရာ/မများကို အထူးပင် ကျေးဇူးတင်ရှိပါသည်။



နန္ဒာအောင်
(ရုံးအထောက်အကူပြု ညှိနှိုင်းရေးမှူး)

## CVT နှင့် ပူးပေါင်းဆောင်ရွက်သော မိတ်ဖက်များ

### EDULINK နှင့် CVT Myanmar တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်း



၂၀၂၀ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် CVT Myanmar ၏ အမှုဆောင်အရာရှိချုပ် ဒေါ်ခင်မြတ်စန္ဒာနှင့် EDULINK Education မှ Mr. Michael Charles (Chief Operating Officer) တို့သည် CVT မှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံး၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်းအတွက် သဘောတူညီမှု စာချုပ် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်အရ သင်တန်းကို မတ်လတွင် တစ်ပတ် စတင်ခဲ့သော်လည်း COVID 19 ကပ်ရောဂါကို နိုင်ငံတော် အစိုးရ၏ အတည်ပြုတွေ့ရှိချက်အရ မတ်လ နှောင်းပိုင်းတွင် ယင်းသင်တန်းကို ယာယီဆိုင်းငံ့ထားခဲ့ပါသည်။

**Office**

No. 27, Corner of Arnandar Pagoda Street and Maygawaddy Kyaung Street, Bawamyint Quarter, Thingangyun Township, Yangon.
Ph : 95-9-73166206

www.cvt-myanmar.com
www.cvt-myanmar.org
Email: - info@cvtmyanmar.com
- pc@cvtmyanmar.com
GoogleMap: - CVT Myanmar PTC - Vocational Orientation Program-E4Y, Yangon
Layout Design by Yamin Aye

CVT myanmar
Center for Vocational Training
အသက်မွေးမှုအတတ်ပညာသင်တန်းကျောင်း